# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန
# ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်
# ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းယာဉ်ဝင်ကြေးကောက်ခံခွင့်လိုင်စင်အတွက်
# လိုင်စင်စည်းကမ်းသတ်မှတ်ချက်များ

၁။ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ကြေးကောက်ခံခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် သတ်မှတ်ထားသော ဂိတ်အဝင်နေရာများ၌သာ ကောက်ခံရမည်။

၂။ လိုင်စင်ရရှိသူသည် ရာဇဝတ်မှုကျူးလွန်နိုင်သည့် ကိစ္စဟူသမျှ တားဆီးပေးရမည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကွပ်ကဲရေးရုံးသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။ လိုအပ်ပါက နီးစပ်ရာရဲစခန်းသို့ ဆက်သွယ်ဆောင်ရွက်ရမည်။

၃။ လုပ်ငန်းနှင့်ပတ်သက်၍ လစဉ်ကွပ်ကဲရေးရုံး၌ ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကိုယ်တိုင်မပျက်မကွက်တက်ရောက်ပြီး တာဝန်ခံအရာရှိ၏ ညှိနှိုင်းအကြံပြုချက်များအား လိုက်နာဆောင်ရွက်ရမည်။

၄။ အောက်ပါယာဉ်များအတွက် ယာဉ်ဝင်ကြေးကို ကင်းလွတ်ခွင့်ပြုရမည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်ယာဉ်များ၊
(ခ) လုံခြုံရေးအရ တာဝန်ထမ်းဆောင်နေသော တပ်မတော်ပိုင်ယာဉ်များ၊ ရဲတပ်ဖွဲ့ပိုင်ယာဉ်များ၊
(ဂ) မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နှင့် ကြက်ခြေနီယာဉ်များ၊
(ဃ) ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိဆိုင်ခန်းတစ်ခန်းလျှင်ကိုယ်ပိုင်အိမ်စီးယာဉ်(၁)စီးနှုန်း၊
(င) ယာဉ်ပြင်အလုပ်ရုံများ၌လာရောက်ပြင်ဆင်သောစက်စမ်းယာဉ်များဝင်ထွက်ခြင်း၊
(စ) **ဘက်ထရီမှလျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားယာဉ်များ** ။

၅။ ယာဉ်ဝင်ကြေးကောက်ခံခြင်းဆောင်ရွက်ရာတွင် ယာဉ်အဝင်/ အထွက်ယာဉ်သွားလမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေး တာဝန်ယူဆောင်ရွက်ပေးရမည်။

၆။ လုပ်ငန်းလုပ်ကိုင်သည့် အလုပ်သမားများအနက် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်း၌ ညအိပ်နေထိုင်သူများ၏ အမည်စာရင်းကို ပျဉ်းမနားမြို့နယ်ရှိ ဘောဂဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ဝင်ကြေးကောက်ခံသည့် ဂိတ်တာဝန်ခံကိုယ်တိုင် အချိန်နှင့်တစ်ပြေးညီ သွားရောက်သတင်းပို့ရမည်။ ညအိပ်နေထိုင်သူများနှင့်ပတ်သက်၍ ရာဇဝတ်မှုကျူးလွန်ဖောက်ဖျက်မှုများ ပေါ်ပေါက်လာပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် သော်လည်းကောင်း၊ အခွန်ဌာနနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။ လိုင်စင်ရရှိသူ၏

တာဝန်သာဖြစ်ပါသည်။ ရာဇဝတ်မှုနှင့် ငြိစွန်းသော မည်သည့်ကိစ္စကိုမဆို မပေါ်ပေါက်စေရန် ကြပ်မတ်ဆောင်ရွက်ရမည်။

၇။ ယာဉ်ရပ်နားစခန်းအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သည့်အဆောက်အဦမျှ မဆောက်လုပ်ရ။

၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ သတ်မှတ်ပေးသည့် နေ့စွဲနှင့် တံဆိပ်ပါ ပြေစာပုံစံကိုသာ အသုံးပြုရမည်။ လိုင်စင်ရရှိသူသည် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ပြေစာပုံစံပြောင်းလဲခြင်း၊ ဌာန၏တံဆိပ်ပြောင်းလဲအသုံးပြုခြင်းမပြုရ။ ကောက်ခံမည့် ပုဂ္ဂိုလ်များ သည်အလုပ်သမားဥပဒေနှင့်အညီအသက်(၁၈)နှစ်ပြည့်သူများကို တာဝန်ပေးရမည်ဖြစ်ပြီး ယင်းတို့ ၏ အမည်နှင့်ကိုယ်ရေးအချက်အလက်များနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ အရက် သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိကြောင်း လိုင်စင်ရရှိသူကိုယ်တိုင် အခွန်ဌာနသို့တင်ပြပြီး ဌာနမှ ထုတ်ပေးသော စိစစ်ရေးကတ်ပြားများတပ်ဆင်၍ သတ်မှတ်ပေးထားသောဝတ်စုံ အမျိုးသား (အင်္ကျီအဖြူ၊ ဘောင်းဘီနက်ပြာ)၊ အမျိုးသမီး (အင်္ကျီအဖြူ၊ လုံချည်နက်ပြာ)ကိုသာ ဝတ်ဆင် ကောက်ခံရမည်။ ထို့အပြင် ဂိတ်တာဝန်ခံနှင့် ကောက်ခံမည့်ပုဂ္ဂိုလ်များ၏ ဓာတ်ပုံများအား ဂိတ် အတွင်း ချိတ်ဆွဲထားရှိရမည်။

၉။ ယာဉ်ဝင်ခနှုန်းထားများအား နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ် ထားသည့် အောက်ဖော်ပြပါအတိုင်းသာ ကောက်ခံရမည်။ သတ်မှတ်နှုန်းထားထက်ပိုမိုကောက်ခံ ခြင်းမပြုရ။ အောက်ပါ(၄ပေ×၈ပေ) အရွယ်နှုန်းထားဆိုင်းဘုတ်အား အုတ်ဖိနပ်ခံ၊ သံပြား (၁၆Guage) ဖြင့် ပြုလုပ်စိုက်ထူရန်နှင့် ဆိုင်းဘုတ်တွင် အပြာခံအဖြူရောင်စာလုံးဖြင့်ရေးသား၍ အများပြည်သူ မြင်သာသောနေရာတွင် ထားရမည်-

| **စဉ်** | **ယာဉ်အမျိုးအစား** | **ယာဉ်တစ်စီးလျှင်တစ်ကြိမ်ဝင်ကြေးနှုန်း(ကျပ်)** |
|---|---|---|
| (က) | သုံးဘီးဆိုင်ကယ် | ၁၀၀/- |
| (ခ) | ၁-တန်အောက်ယာဉ် | ၂၀၀/- |
| (ဂ) | ၁-တန်မှ ၃-တန်ထိယာဉ် | ၃၀၀/- |
| (ဃ) | ၃-တန်အထက်မှ ၅-တန်ထိယာဉ် | ၄၀၀/- |
| (င) | ၅-တန်အထက်မှ ၁၀-တန်ထိယာဉ် | ၉၀၀/- |
| (စ) | ၁၀-တန်အထက်မှ ၁၅-တန်ထိယာဉ် | ၁,၂၀၀/- |
| (ဆ) | ၁၅-တန်အထက်ယာဉ်/နောက်တွဲယာဉ်များ | ၁,၅၀၀/- |

၁၀။ လိုင်စင်ရရှိသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင်အထွေထွေစည်းကမ်း သတ်မှတ်ချက် များ ကိုလည်းလိုက်နာရမည်။

C:\Users\REV3\Desktop\webportal first\Bawga win kyawe rule(23-24).docx\2

၁၁။ လိုင်စင်ရရှိသူသည် ကော်မတီက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၂။ လိုင်စင်ရရှိသူသည် လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို အခြားသူသို့ တဆင့်အငှားချထားခြင်း၊ ရောင်းချခြင်းမပြုရ။

၁၃။ လိုင်စင်ရရှိသူသည် အထက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်–

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ်(၅၀,၀၀၀/–)တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်အပြီးပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်း တင်သွင်းခြင်း၊ အာမခံအပ်ငွေများအား ကော်မတီဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေး ပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများကို လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

လေလံတင်ရောင်းချရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ